တင်မောင်မြင့်

# လေအဟုန်လျှပ်စီနဲ့ အမြင့်ခရီးကို လှမ်းခဲ့တယ်



THE BOY WHO HARNESSED THE WIND

William Kamkwamba

AND BRYAN MEALER

# အခန်း (၁)

## မူရင်းစာအုပ်အပေါ်ထင်မြင်ချက်များ

ဒီစာအုပ်ဟာ တကယ့်ကို အံ့သြစရာ၊ စိတ်လှုပ်ရှားစရာ၊ ရင်ခုန် စရာတွေ အပြည့်နဲ့ စာအုပ်ပဲ။ လေကနေ စွမ်းအင်ရအောင်လုပ်တဲ့ လူငယ်ကလေး တစ်ယောက် အကြောင်းပါ။ ဒါပေမဲ့ လေနဲ့ လျှပ်စစ် ဓာတ်အားကိုသာ သူ အောင်နိုင်ခဲ့တာမဟုတ်ဘူး။ လူသားရဲ့ တီထွင်ကြံဆမှု နဲ့ လူသားရဲ့ စွမ်းအင် အရင်းအမြစ်ကိုပါ ဖော်ကျူး လိုက်တာပဲ။ ကျွန်တော် တို့ရဲ့ ကမ္ဘာကိုကယ်တင်ဖို့ အဲဒါ အရေး အကြီးဆုံးပါပဲ။ ဝီလျံကမ်ကွမ်ဘာဟာ ကျွန်တော် တို့ခေတ်ရဲ့ လူစွမ်းကောင်း တစ်ယောက် ဖြစ်ပါတယ်။

ဝေါလ်တာအိုင်ဇက်ဆန်

အိုင်းစတိုင်းနှင့် ဘင်ဂျမင်ဖရန်ကလင်

အတ္တုပ္ပတ္တိရေး သည့် စာရေး ဆရာ

*

ဒီစာအုပ်ကိုဖတ်ပြီး လူသားရဲ့ စွမ်းအား၊ လူသားရဲ့ ဒဏ်ခံနိုင်မှု ၊ လူသားရဲ့ အရည်အသွေးကို တွေ့ ရတယ်။ အာဖရိကတိုက်သား တို့ရဲ့ ကြီးမားတဲ့ခွန်အားကို တွေ့ ရတယ်။ ဝီလျံနဲ့ သူ့မိသားစု ဒုက္ခကြုံရကပ်ကို ဖြတ်သန်းတဲ့ အခန်းဟာ ကျွန်တော့် နှလုံးသား ကို တအားဆွဲလှုပ်တဲ့အခန်းပဲ။ တစ်ပြိုင်တည်းမှာ ပဲ သူ့ရဲ့ ဒဏ္ဍာရီ ဆန်လှတဲ့ ဆုံးဖြတ်ချက်နဲ့ သူတို့အိမ်က မီးရောင် ဟာ သူတို့ တစ်ရွာလုံးရဲ့ မျှော်လင့်ချက် ရောင် ခြည် ဖြစ်လာတယ်။ Boy Who Harnessed the Wind ဆိုတဲ့စာအုပ်ဟာ သိပ်ထူးခြားတဲ့ လူငယ် တစ်ယောက်

ရဲ့ ထူးထူးခြားခြား ကိုယ်ရေး အတွေ့အကြုံတွေ ဖြစ်ပါ တယ်။ သူ့ရဲ့ စူးစမ်းမှု ၊ သူ့ရဲ့ တီထွင်မှု တွေ ကို အံ့မခန်း ဖတ်ရပါလိမ့် မယ်။

အေမီစမစ်

D-Lab, MIT တည်ထောင်သူ

*

သိပ်အံ့ဩစရာကောင်းတဲ့စာအုပ်။ ဖတ်ဖို့ ခင်ဗျားကို ကျွန်တော် အတင်း တိုက်တွန်းတယ်။ ကမ္ဘာ့ချောင်ကျကျ ထောင့်ကလေး တစ်ထောင့်မှာ နေရင်း ကြိုး စားမှု နဲ့ စဉ်းစားဉာဏ်ကလွဲပြီး လက်ထဲ မှာ ဘာမှမရှိဘဲ ပိုထွန်းတောက်တဲ့၊ ပိုစိမ်းလန်းတဲ့ အနာဂတ်ကို ရောက်ရှိခဲ့တဲ့ အာဖရိကန် လူငယ် တစ်ယောက် အကြောင်းပါ။

အဲလက်စ်စတက်ဖင်

အယ်ဒီတာ

worldchanging.com

*

ဖတ်ရတာ သိပ်အားရတဲ့ စာအုပ်ပဲ။ ဒီစာအုပ်ကို ဖတ်ရင် ခရီး တစ်ခုကို သွားရသလို ခံစားရလိမ့်မယ်။ လတ်လတ်ဆတ်ဆတ်ကြီး ရှိနေသေးတဲ့ အသစ်အဆန်းတစ်ခုဆီကိုသွားနေတဲ့ခရီးမျိုး၊ သဘာဝ အလျောက် ဖြစ်နေတဲ့

ဝ်ာက်စွမ်းရည်ကို တူးဖော်တွေ့ရှိထားတဲ့ အရပ်မျိုး။

အဲဒီ နေရာမှာ ရန်းကန်လှုပ်ရှားမှု တွေ တွေ့ရမယ်၊ ရဲရင့်တဲ့ အတွေးအမြင်ကနေပြီး တကယ် ဖြစ်လာတာတွေ တွေ့ရမယ်။ အိပ်မက်မက်ရဲတဲ့ လူတိုင်း ဖတ်ဖို့ လိုအပ်တဲ့ စာအုပ်။

ကမရွှန်ဆင်ကလဲယား

လူ့ယဉ်ကျေးမှု ဗိသုကာ

*

ဝီလံ့ကမ်ကွမ်ဘာဟာ ဒုက္ခပင်လယ်ကြီးကို စိမ်းစိုတဲ့ အနာဂတ် ဖြစ်အောင်၊ သူမျှော်လင့်တာထက်ပိုပြီး အခွင့်အလမ်းတွေ ပွင့်လန်း နေတဲ့ လောကကြီး ဖြစ်အောင် ပြောင်းလဲပစ်လိုက်တဲ့ အဂ္ဂိရတ် ဆရာ တစ်ယောက် ပဲ။ ဒီစာအုပ်ဟာ တီထွင်ရင်း သင်ကြား၊ သင်ကြားရင်း တီထွင် ဆိုတဲ့စာအုပ်မျိုးပဲ။ ဝီလံ့ရဲ့ ပညာပါရမီဟာ အာဖရိကကို ကျွမ်းကျင်တဲ့ စွန့်ဦးတီထွင်သူတွေ မွေးထုတ်ပေးဖို့ ညွှစ်အားပဲ။

နီကိုလတ်စ် နီဂရိုပွန်တီ

MIT Media Lab

*

## ထုတ်ဝေသူ၏ အမှာ စာ

ငွေကြေးအင်အားနှင့် ပစ္စည်းကိရိယာစသည့်တို့ ပေါကြွယ်သော ဖွံ့ဖြိုး ပြီး နိုင်ငံကြီး အချို့ရှိ ဆယ်ကျော်သက်ရွယ် ကျောင်းသားလူငယ်အချို့၏ အရွယ်နှင့် မလိုက် သော စွန့်ဦးတီထွင်မှု များ ကို ကြားရသော အခါ ဝမ်းသာချီးမွမ်းကြရသည်။ ဖွံ့ဖြိုး ပြီး တို့ကဲ့သို့ ပေါကြွယ်မှု မရှိသော ဖွံ့ဖြိုး ဆဲနိုင်ငံများ မှ ဆယ်ကျော်သက်တို့၏ တီထွင်မှု များ အပေါ်တွင် မူ ဝမ်းသာချီးမွမ်းကြရုံတင်မက ချို့ငဲ့သည့်ကြားမှ ထွင်နိုင်စွမ်း ရှိသည့်အပေါ် အံ့သြခြင်းများ ပါ ဖြစ်ကြရသည်။

ဤစာအုပ်၏ 'ဇာတ်လိုက်' ဖြစ်သော ဝီလျံကမ်ကွမ်ဘာ၏ အကြောင်း ကို ဖတ်ရလျှင်မူ ချီးမွမ်း အံ့သြရုံတင်မဟုတ်၊ ရာမှရှားသော အာဂလူငယ်ကလေး ပါတကားဟု ရင်သပ်ရှုမော ဖြစ်ကြရပါလိမ့်မည် ။ မိမိကိုယ်တိုင် အောင်မြင်သကဲ့သို့ ပီတိ ဖြစ်ကြရပါလိမ့်မည် ။ လွဲမှား သော စီမံအုပ်ချုပ်မှု ၊ မဆင်မခြင် သစ်တော ခုတ်လှဲခြင်း၏ အကျိုးဆက် ဖြစ်သော ဆင်းရဲငတ်မွတ်မှု စသည့်တို့ကြောင့် ကပ်ဘေး နှင့် ကြုံခဲ့ရသော အာဖရိကတိုက် မာလာဝီနိုင်ငံသား ဝီလျံကမ်ကွမ်ဘာသည် ကျောင်းလခ မပေးနိုင်၍ ကျောင်းမှ ထွက်ခဲ့ရသော် လည်း ကျေးရွာ စာကြည့်တိုက် မှ စာအုပ်များ ကို ဖတ်ရှု၍ လေရဟတ် တည်ဆောက်ကာ လျှပ်စစ်ဓာတ်အား ထုတ်ယူပြီး ရွာကိုလင်းထိန်စေသော အချိန်တွင် သူ၏ အသက်မှာ ၁၄ နှစ် သာ ရှိသေးသည်။

ကျွန်တော် သည် အာဂချာတိတ်ကလေးဝီလျံကမ်ကွန်ဘာ၏ အကြောင်း ကို ဆောင်းပါးရေး ၍ မဂ္ဂဇင်းတစ်စောင်တွင် ဖော်ပြခဲ့ဖူးသည်။ သူ့ အကြောင်းကို အကျယ်သိလိုလှသည်နှင့် ဆက်လက်ရှာဖွေရာ The Boy who Harnessed the Wind အမည် နှင့် စာအုပ် ထုတ်ဝေထားကြောင်း သိရသည်။ ယင်းစာအုပ်ကို စင်ကာပူ စာအုပ်ဆိုင်ကြီးများ တွင် တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် ရှာသော် လည်း မတွေ့သဖြင့် amazon.com အွန်လိုင်းစာအုပ်ဆိုင်မှ မှာ ယူကာ ဖတ်ရှုရသည်။

လက်ထဲသို့ စာအုပ် ရောက်ရောက်ချင်း အစပိုင်း နှစ် ခန်းမျှမြည် းကြည့် ပြီးသည့်နောက် အထူးနှစ်သက် လှ၍ လူငယ်များ ကို အမြန်ဆုံး မျှဝေ အသိပေးလို လှရကား ပြီးစီးအောင်ပင် မဖတ်တော့ဘဲ ဆရာဦးတင်မောင်မြင့်ထံသို့ ဘာသာပြန် ပေးပါရန်

မေတ္တာရပ်ခံ တိုက်တွန်းချက်ဖြင့် ပို့ပေးလိုက် သည်။ ဆရာကလည်း ယင်းစာအုပ်ကိုဖတ်ပြီး သဘောကျလှသဖြင့် အားသွန်ခွန်စိုက်ပြန်ဆိုပေးမှု ကြောင့် ဤစာအုပ် ဖြစ်ပေါ်လာပါသည်။ မြန်မာပရိသတ်လက်သို့ စာအုပ်ကောင်း တစ်အုပ် အ ဖြစ် ပေးအပ်နိုင်ရန် မူရင်းစာအုပ်တွင် မပါသော မြေပုံနှင့် ဓာတ်ပုံများ ကိုပါ ကြိုး စား ရှာဖွေ ဖော်ပြထားသည်။

မာလာဝီနိုင်ငံသား ဆယ်ကျော်သက်ကလေး၏ စွမ်းရည်ကို ဖော်ကျူး သော ဤစာအုပ်သည် မြန်မာစာဖတ်ပရိသတ်နှင့် သဘာဝ ပတ်ဝန်းကျင်ကို ချစ်မြတ်နိုးသူများ အတွက် သုတ ရသ နှစ် ထွေကို ပေးစွမ်းမည့် အပြင် အခက်အခဲ များ ကို ကျော်လွှား၍ စွန့်ဦး တီထွင်လိုသူ အာဂမြန်မာလူငယ်များ ပေါ်ထွန်းလာ ရေး ၌ အထောက်အကူ ဖြစ်မည် ဟု ယုံကြည်ပါသည်။

ကျော်ဦး

ပါရမီစာပေ

*

## နိဒါန်း

အားလုံး ပြင်ဆင်ပြီးပြီ။ ဒီတော့ ကျွန်တော့် အနေနဲ့ ဒီအခြေအနေကို စောင့် ကြည့်ဖို့ပဲ ရှိတော့တယ်လေ။ ပင်ပန်းလွန်းလှပါပြီ။ ကျွန်တော့် လက်မောင်း ကြွက်သားတွေ နာကျင်ကိုက်ခဲနေပြီ။ လက်အံ့တွေ သေနေပြီ။ ဒါပေမယ့် ကျွန်တော့် အလုပ် ပြီးသွားပြီ။ စက်ပစ္စည်းအစိတ်အပိုင်းတွေ ကို တုတ်ချောင်း တွေ နဲ့ သေသေချာချာ ပိုင်ပိုင်နိုင်နိုင် စွဲထားပြီးပြီ။ ကျွန်တော် ဆောက်ခဲ့တဲ့ လေရဟတ်မျှော်စင် စတီးချောင်း အတွန့်အလိမ်တွေ ၊ ပလတ်စတစ် ပန်ကာ ရွက်ကြီးတွေ အောက်မှာ မလှုပ်မယှက် ငြိမ်သက်နေပါတယ်။ ကြည့်ကြစမ်း ပါ။ ကျွန်တော့် အိပ်မက်တွေ တကယ် ဖြစ်လာတဲ့ လေရဟတ်မျှော်စင်လေ။

ကျွန်တော် ဆင်တဲ့စက် လည်ပတ်တော့မယ့်အကြောင်း ရွာနီးချုပ်စပ် တွေ ဆီကို သတင်း ပျံ့လွင့် သွားပါတယ်။ လူတွေ တဖွဲဖွဲ ရောက်လာပါတယ်။ ရွာကို ရောက်လာတဲ့ ဈေးသည်တွေ လည်း သူတို့ ရောင်းကုန် ပစ္စည်းကလေးတွေ ကို ထုပ်ပိုးပြီး လာကြည့်ကြပါတယ်။ ကားသမားတွေ ကလည်း သူတို့ကားတွေ ကို လမ်းပေါ်ရပ်ခဲ့ပြီး လေရဟတ်ကို လာကြည့်ကြပါတယ်။

သူတို့အားလုံး တောင်ကြားလမ်းအတိုင်း လျှောက်လာခဲ့ကြရတာ ပါ။ သစ်ပင်ရိပ်တစ်ခုမှာ စုဝေးပြီး သူတို့တစ်တွေ တီးတိုးတီးတိုး သဖန်းပိုး လုပ်နေကြ ပါတယ်။ သည်မျက်နှာတွေ ကို ကျွန်တော် မြင်ဖူးတာပေါ့။ လပေါင်း များ စွာ ကျွန်တော့် ကို သရော်လှောင်ပြောင်ခဲ့ကြတဲ့ မျက်နှာတွေ ။ ခုအချိန်ထိ သူတို့ ကျိတ်ရယ်နေကြတုံး။ သို့သော် လူတွေ က ထပ်ရောက်လာနေဆဲ။ အင်း ... အချိန်ရောက်ပြီပေါ့။

ဘယ်ဘက်လက်က ဝါယာကြိုး ပတ်ထားတဲ့ ကျူပင်လေးကို ကိုင်ပြီး မျှော်စင် ပထမ လှေကားထစ်ကို ကျွန်တော် တက်လိုက်တယ်။ သစ်သားချောင်း က ကျွန်တော် ကိုယ်အလေးချိန်ကြောင့် ကျိုးကျိုးကျွတ်ကျွတ် မြည် သွားတော့ လူတွေ အသံတိတ်သွားတယ်။ ကျွန်တော် တစ်ထစ်ချင်း ခပ်ဖြည်းဖြည်း တက်လာ ခဲ့တယ်။ စိတ်ချလက်ချနဲ့ ယုံကြည်မှု အပြည့်နဲ့ပါ။ အပေါ်ရောက်တော့ လက်ရာ ခပ်ကြမ်းကြမ်း လုပ်ထားတဲ့ စက်နဲ့ မျက်နှာချင်းဆိုင်လိုက်တယ်။ စက်ရဲ့ ပလတ် စတစ် လက်တန်းတွေ က မီးလောင်ထားလို့ ညို မည်းနေတယ်။ သံထည်ပစ္စည်း တွေ ကို ဘုတ်ချောင်းတွေ နဲ့ စုတ်ပြီး တချို့တော့ သံဂဟေ ဆော်ထားတယ်။ ဆေးသုတ်ထားပေမယ့် အောက်က သံချေးမပြောင်တော့ ဘယ်ဆေးစွဲမလဲ။ အကွက်တွေ ထလို့ပေါ့။ ဒါပေမယ့် ကျွန်တော့် လေရဟတ်မျှော်စင်ဟာ ယာခင်း စိမ်းစိမ်းတွေ နဲ့နောက်ခံတောင်တန်းညို့ ညို့ မှာ ကျက်သရေရှိနေတယ်လို့ ကျွန်တော် ထင်တယ်။ မျှော်စင်နဲ့ မျှော်စင်ပေါ်က စက်ကိရိယာ အစိတ်အပိုင်းတစ်ခုတိုင်းမှာ ဇာတ်လမ်းကိုယ်စီ ရှိကြပါတယ်။ အဲဒီ ဇာတ်လမ်းကလေးတွေ ကို သူတို့က ကျွန် တော့် ကို တီးတိုး ပြောပြနေကြသလိုပဲ။ ဒီပစ္စည်းကလေးတွေ ဟာ ပျောက်ဆုံးသွား လိုက်၊ ပြန်တွေ့လိုက်နဲ့ ပဲ။ သူတို့တစ်ခုစီမှာ အခက်အခဲတွေ အများ ကြီးရှိတယ်။ ထိတ်လန့် တုန်လှုပ်စရာတွေ လည်း

ပါရဲ့ ။ နောက်ဆုံးတော့ အားလုံးစုစည်းမိကြပြီ။ ဒါတွေ အားလုံး ပေါင်းစပ်လိုက်တဲ့အခါ စက်တစ်လုံး အသစ်တစ်ဖန် ပြန်လည် မွေးဖွားခြင်းမျိုး ဖြစ်လာခဲ့တယ်။

စက်ထဲက ထွက်ကျနေတဲ့ ကြိုး စကလေး နှစ် ပင်ဟာ လေအဝေ့မှာ လှုပ်ရှားဆော့ကစားနေကြတယ်။ သည်နှစ် ပင်ကို ကျွန်တော့် လက်ထဲက နှစ် ပင်နဲ့ တစ်စစီ ပူးချည်လိုက်တယ်။ ကျွန်တော် အမြဲတမ်း စိတ်ကူးယဉ်ခဲ့တဲ့ အဆင့်ကို ရောက်ခဲ့ပါပြီ။ ဟိုးအောက်ဘက်ဆီမှာ တော့ လူတွေ ကျွက်စီ ကျွက်စီနဲ့ပေါ့။

တစ်ယောက် ရဲ့ ပြောသံကို ကျွန်တော် အပေါ်က ကြားလိုက်တယ်။

'ဟော့ .. တိတ်တိတ်နေကြပါ။ ဒီကောင်လေး ဘယ်အထိ အရူးထမလဲ စောင့်ကြည့်ကြစမ်း'

လေတစ်ချက် ဝေ့လာတော့ အောက်ကအသံတွေ နဲ့ ရောထွေးသွား တယ်။ လေကပြင်းတော့ ကျွန်တော် ဝတ်ထားတဲ့ တီရှပ် တဖျတ်ဖျတ် လှုပ်ခါ သွားတယ်။ မျှော်စင်ရဲ့ လှေကားဆန်တွေ ကို လေတိုးသံက လေချွန်သံ ပေါက် လာတယ်။

အပေါ်ဆုံးအထစ်အထိ ကျွန်တော် ဆက်တက်လာခဲ့ပြီး လေရဟတ် ဘီးနဲ့ သံစင်ပေါင်ကို တွဲ ဖမ်းထားတဲ့ ကြိုး ကို ဖြေပေးလိုက်တယ်။ ဟော .. ချက်ချင်း လေရဟတ်ဘီး စလည်ပြီ။ ပထမတော့ တစ်ပတ်ချင်း။ နောက် တဖြည်းဖြည်း မြန်လာတယ်။ အရှိန်ပြင်းလာတော့ မျှော်စင် သိမ့်သိမ့်တုန်လာ တယ်။ ကျွန်တော့် ဒူးတွေ ပါ တုန်လာပြီ။ ဒါပေမယ့် ကျွန်တော် မြဲမြဲ ကိုင်ထား တယ်။

ဘုရား ဘုရား၊ လူ့ပုံအလယ်မှာ ကျွန်တော် အရှက်မကွဲပါရစေနဲ့။ လက်ထဲက ဆိုင်းကြိုး နဲ့ ဝါယာကြိုး ကို တင်းတင်းဆုပ်ပြီး ကျွန်တော့် စက်ကလေး တန်ခိုးပြချိန်ကို ရင်တမမ စောင့်ကြည့်နေတယ်။

ဟိုက် လာပြီ၊ ဟောဒီမှာ လာပြီ။ ကျွန်တော့် လက်ဝါးထဲမှာ အလင်း ရောင် ကလေး လက်လာတယ်။ ပထမတော့ မှိန်မှိန်ကလေး၊ ခဏနေတော့ လင်းထိန်လာတယ်။

အောက်ကလူတွေ ပါးစပ်အဟောင်းသား ဖြစ်သွားကြတယ်။ တချို့ ကြက်သီးမွေးညှင်း ထနေကြတယ်။ ကလေးတွေ ရှေ့တိုးလာကြတယ်။

'ဟာ တကယ်ပါလား'

တစ်ယောက် ရဲ့ အသံ။

'ဟုတ်တယ်ဟေ့၊ ကောင်လေးပြောတဲ့အတိုင်း ပါလား'

နောက် တစ်ယောက် ရဲ့ ထောက်ခံသံ။

*

# အခန်း (၂)

သိပ္ပံပညာရဲ့ ထူးဆန်းအံ့သြဖွယ်ရာတွေ ကို မမြင်ဖူးခင် ကမ္ဘာကြီးကို မှော အတတ် နဲ့ စုန်းတစ္ဆေတို့က လွှမ်းမိုးထားတယ်လို့ ကျွန်တော် ထင်ခဲ့တယ်။

ကျွန်တော် ငယ်ငယ်က နတ်မိစ္ဆာတွေ ၊ စုန်းတစ္ဆေတွေ တကယ်ရှိနေ တယ်လို့ ယုံကြည်ခဲ့တယ်။ ငယ်ငယ်က နတ်ကိုင်လို့ သေမလို ဖြစ်ခဲ့ဖူးတယ်။ ကျွန်တော့် အသက်ကို ကယ်ခဲ့သူ ကတော့ ကျွန်တော့် အဖေပါပဲ။ အဲဒီ အတွက် ကျွန်တော့် အဖေဟာ သူရဲကောင်း တစ်ယောက် ဖြစ်လာခဲ့တာပါပဲ။

ကျွန်တော် ခြောက်နှစ် သား အရွယ်ကပေါ့။ ရွာလယ်လမ်းမှာ သူငယ်ချင်း တွေ နဲ့ ဆော့နေချိန်၊ သီချင်းတွေ ဆိုကြ ကကြ ခုန်ကြနဲ့ပေါ့။ ကျွန်တော် တို့ရွာက မာစီတာလာဆိုတဲ့ ရွာကလေးပါ။ ကာစန်ဂူမြို့ နားမှာ ပါ။ ကျွန်တော် တို့ မိသားစုက ယာတောတစ်ခုမှာ နေပါတယ်။ နွားမတွေ အများ ကြီးပိုင်တဲ့ လူတွေ က နွားကျောင်း သားကလေးတွေ ငှားကြရပါတယ်။

တစ်နေ့မှာ သူတို့ဆီက သတင်းထူး ကြားရပါတယ်။ မနက်စောစော နွားကျောင်းနေတုန်း ဧရာမအိတ်ကြီးတစ်လုံး လမ်းပေါ်မှာ သူတို့ တွေ ့ကြသတဲ့။ သူတို့ဖွင့်ကြည့်တော့ လား ..လား ..တစ်အိတ်လုံး ချိုချဉ်တွေ သကြားလုံးတွေ အပြည့်တဲ့ဗျား။ စဉ်းစားကြည့်ပါဗျာ၊ သူတို့တတွေ ဘယ်လောက် ပျော်လိုက်မလဲ ဆိုတာလေ။ ကျွန်တော် က ချို ချဉ်ဆို အရမ်းကြိုက်တဲ့ကောင်။

'ဒီချာတိတ်ကို နည်းနည်း ပေးလိုက်ကြရအောင်'

တစ်ယောက် က အကြံပြုတယ်။

ကျွန်တော် က အသက်မရှူအားဘဲ ရင်တမမနဲ့ပေါ့။ ကျွန်တော့် ဆံပင် ထဲမှာ သစ်ရွက်ခြောက်တွေ ကပ်လို့။

'ပေးလေကွာ၊ ပေးလိုက်ပါ'

တစ်ယောက် က ထောက်ခံပြီး 'ဒီကောင်လေးပုံလည်း ကြည့်ပါဦးကွာ'

နောက် တစ်ယောက် က အိတ်ထဲနှိုက်ပြီး သကြားလုံး လက်တစ်ဆုပ် ကျွန်တော် လက်ထဲ ထည့်ပေးတယ်။ ရောင် စုံ အလုံးကလေးတွေ ။

သူတို့ ထွက်သွားသွားချင်း ကျွန်တော် ပလုတ်ပလောင်း လွေးတယ်။ အချိုရည်တွေ ကျွန်တော့် မေးစေ့ပေါ် အင်္ကျီပေါ်သို့ စီးကျကုန်တယ်။

နောက်တစ်နေ့ သရက်ပင်အောက်မှာ ကျွန်တော် ကစားနေတုန်း ဈေးသည် တစ်ယောက် စက်ဘီးနဲ့ ရောက်လာပြီး ကျွန်တော့် အဖေနဲ့ စကားပြော နေတာကို တွေ့ရတယ်။ သူ မနေ့က ဈေးအပြန်မှာ အိတ်တစ်လုံး ကျကျန်ခဲ့လို့ ပြန်ရှာတဲ့အခါ လမ်းပေါ်မှာ မတွေ့တော့ဘူးတဲ့။ အိတ်က ပီကေအိတ် ဖြစ်ကြောင်း၊ နွားကျောင်းသားတွေ ရသွားတယ်လို့ အခြားဈေးသည်တွေ ဆီက သိရတဲ့ အကြောင်း ပြောရင်း ဈေးသည် ဒေါသူပုန်ထနေတယ်။ နောက် နှစ် ရက်ဆက်တိုက် လာပြီး အိတ်ကောက်ရသွားတဲ့ နွားကျောင်းသားတွေ ကို စုံစမ်းတယ်။ ပြီးတော့ ကြောက်မက်ဖွယ် ကြိမ်းဝါးပါလေရော။

'ကျုပ် ''ဆင်ဂန်ဂါ'' ဆီသွားမယ်၊ ကျုပ်ပစ္စည်းကို စားတဲ့ကောင်တွေ အားလုံး ကာလနာတိုက်စေရမယ်'

ဆင်ဂန်ဂါဆိုတာ နတ်ဆရာကို ပြောတာပါ။

ပီကေတွေ ကျွန်တော် အများ ကြီး စားပြီးပြီ။ စားပြီးတာကြာပြီ။ သိပ်အရသာရှိတဲ့ နတ်သုဒ္ဓါတွေ ၊ ခုတော့ အဆိပ်တွေ ဖြစ်ကုန်ပြီကော။ ပါးစပ် ထဲ အော့ချင်အန်ချင် ဖြစ်လာတယ်။ ကျွန်တော် ချက်ချင်း ချွေးတွေ ပြန်လာပြီး ရင်တွေ တအားခုန်လာတယ်။ ဘယ်သူမှ မသိအောင် အိမ်နောက်ဖေး ပြေးပြီး ပါးစပ်ထဲ လက်ညှိုး ထိုးအန်တယ်။ ခြေထောက်နား ကျလာတဲ့ ဝါဝါ အရည်တွေ ကို ဘယ်သူမှ မမြင်အောင် သဲနဲ့ ဖုံးထားခဲ့တယ်။

ဒါပေမဲ့ ကျွန်တော့် ဝေဒနာ မသက်သာပါဘူး။ နေလုံးကြီးကို တိမ် မည်းညိုတွေ ဖုံးအုပ်သွားသလို စိတ်ထဲ ခံစားနေရတယ်၊ သစ်ပင်တွေ ထဲကနေပြီး နတ်ဆရာရဲ့

မျက်လုံးကြီးတွေ က ကျွန်တော့် ကို စောင့်ကြည့်နေတယ်လို့ ထင်လာ တယ်။ ကျွန်တော် စားခဲ့တဲ့ ပစ္စည်းကို အဆိပ်သင့်အောင် သူ ကျိန်စာတိုက် တော့မယ်။ ကျွန်တော့် အိပ်ရာထဲကို ဒီည သူ ရောက်လာတော့ မယ်။ ကျွန်တော့် ဝိညာဉ်ကို နုတ်ယူသွားလိမ့်မယ်။ မိုးလင်းတော့ ကျွန်တော့် ခန္ဓာကိုယ် အေးစက်ပြီး အသက်မဲ့နေလိမ့်မယ်။ ကြောက်လွန်းလို့ အဖျားတက်ချင်သလိုလို ဖြစ်လာတယ်။

ကျွန်တော် ရှိုက်ကြီးတငင် ငိုချလိုက်တယ်။ ခြေထောက်တွေ လည်း အကြောသေသွားသလို လှုပ်လို့ မရတော့ပါဘူး။ မျက်ရည်ပူတွေ ပါးပြင်ပေါ်ကို တလိမ့်လိမ့် စီးကျနေချိန်မှာ ပဲ နှာခေါင်းထဲကို စိမ်းရွှေရွှေ အဆိပ်နံ့တွေ ဝင်လာပါ တော့တယ်။ ဘုရား .. ဘုရား၊ ကျွန်တော့် တစ်ကိုယ်လုံး အဆိပ်တွေ ဖြစ်နေပါ ပေါ့လား။ အမြန်ဆုံး ခြေလှမ်းတွေ နဲ့ ကျွန်တော် ပြေးထွက်လာခဲ့ပါတယ်။ သစ်ကိုင်း တွေ ကြားက နတ်ဆရာရဲ့ မျက်လုံးတွေ နဲ့ ဝေးရာကို ပြေးလာခဲ့တာပါ။ သစ်တော ထဲကနေမှ အိမ်ဘက်ကို ပြန်ပြေးချလာခဲ့ပါတယ်။ အိမ်ပြန်ရောက်တော့ အဖေ ပြောင်းဖူးတွေ ချိုးနေတာ တွေ ့ရပါတယ်။ အဖေ့ရင်ခွင်ထဲ ပြေးဝင်လိုက်ချင်တယ်။ မကောင်းဆိုးဝါးရန်က အကာအကွယ်ပေးနိုင်တာ အဖေပဲရှိမယ် ထင်ပါတယ်။

ငိုရင်း ရှိုက်ရင်း အပြစ်ကို ကျွန်တော် ဝန်ခံလိုက်ပါတယ်။

'ခိုးရာပါ ပီကေတွေ စားတဲ့အထဲမှာ ကျွန်တော် ပါတယ် အဖေ၊ သူတို့ ကျွန်တော် ကို ခေါ်မ သွားပါစေနဲ့ အဖေ'

အဖေက ကျွန်တော့် ကို ခဏကြည့်ပြီး ခေါင်းယမ်းတယ်။

'သြော် ..မင်းပါ ပါတာကိုး' ဟု ပြောပြီး ပြုံး နေတယ်။ ကျွန်တော့် အ ဖြစ်ကို သူ သဘောကျနေတာလား။

'အင်း ...'ဆိုပြီး သူ ထိုင်ရာက ထတယ်။ အဲဒီ လို ထ လိုက်တိုင်း သူ့ ဒူးခေါင်းထဲက ကျိုးကျိုးကျွတ်ကျွတ် မြည် သွားတာချည်းပဲ။ ကျွန်တော့် အဖေဟာ ဧရာမ လူထွားကြီး တစ်ယောက် ဖြစ်ပါတယ်။

'မင်း ဘာမှမပူနဲ့၊ အဖေ အဲဒီ စျေးသည်နဲ့ သွားတွေ့ပြီး ရှင်းပြမယ်၊ သူ ကျေနပ်မှာ ပါ'

ရှစ်ကီလိုမီတာ ဝေးတဲ့ မာဆာကာရွာကို အဖေ ခြေကျင်လျှောက် သွားပြီး ပြဿနာ ရှင်းခဲ့တယ်တဲ့။ အဖေ ဘယ်လိုရှင်းခဲ့သလဲဆိုတာ နောက်မှ ကျွန်တော် သိရတာ ပါ။ အဲဒီ ပုဂ္ဂိုလ်ကို အဖေက ပီကေအိတ်ကြီး တစ်လုံးအပြည့် ဝယ်ပေးပြီး လျော်ပေးခဲ့ပါသတဲ့။

ကျွန်တော် အသက်မသေတော့ဘူးပေါ့။ အဖေက ကယ်လိုက်တယ် ပေါ့။ ကျွန်တော် က အဖေ့ကို အဲဒီ ညမှာ မေးပါတယ်။ ကျိန်စာဆိုတာ ဘာလဲပေါ့။ အဖေက အလေးအနက် တွေးနေပုံမျိုးနဲ့ ဖြေပါတယ်။

'အေးကွာ၊ အချိန်မီ ရောက်သွားလို့ တော် သေးတာပေါ့' တဲ့။ ပြီးတော့ သူ အားရပါးရ ရယ်ပါတယ်။ သူ ထိုင်နေတဲ့ ကုလားထိုင်ကြီး သိမ့်သိမ့်တုန်အောင် သူ ရယ်နေတာပါ။ ပြီးမှ -

'ဒီမယ် ဝီလျံ၊ မင်းဘဝမှာ ဘာတွေ နဲ့ ရင်ဆိုင်ရမယ်ဆိုတာ ဘယ် သူမှ မပြောနိုင်ဘူး၊ အဲဒါ မြဲမြဲ မှတ်ထား'

ကျွန်တော့် အဖေက ဗလကောင်းတယ်၊ သန်မာထွားကျိုင်းတယ်။ မှော ဆရာတွေ ၊ နတ်ဆရာတွေ ကို မကြောက်ဘူး၊ သူက အဲဒီ စုန်းတို့လို၊ နတ်တို့လို ဇာတ်လမ်း တွေ ကို သူ အကုန်သိတယ်။

လမိုက်ညတစ်ညမှာ မီးခွက်ထွန်းပြီး ကျွန်တော် တို့ မိသားစုအားလုံး ဧည့်ခန်းမှာ စုထိုင်ကြရတယ်။ အဖေက ကမ္ဘာကြီးအကြောင်း ပြောပြတယ်။ ကျွန်တော် တို့ရဲ့ ဘဝ အစကတည်းက စုန်းကဝေတွေ ဘယ်လိုဘယ်လို ကြီးစိုး ခဲ့ကြောင်း ပြောပြတယ်။ အာဖရိက ဆင်းရဲသားလယ်သမားတွေ အတွက် ဒုက္ခ တွေ က များ လှကြောင်း၊ ဘုရားသခင်အတွက်ရော၊ သူတို့ကိုယ်တိုင်အတွက်ပါ ဒုက္ခခံကြရကြောင်းတွေ ရှင်းပြတယ်။ အဲဒီ မှာ တတိယအင်အားစုအ ဖြစ်နဲ့ စုန်းကဝေ တွေ ၊ နတ်ဆရာ၊ မှော် ဆရာတွေ ပေါ်လာတဲ့အကြောင်း ပြောပြတယ်။ နတ်တွေ ၊ စုန်းတွေ ဟာ သစ်ပင်တစ်ပင်ကို မြင်ရသလို၊

မိန်းမ တစ်ယောက် ရေအိုးရွက်လာ တာ မြင်ရသလို မမြင်နိုင်ဘူး။ မမြင်ရတဲ့ အင်အားတစ်မျိုး ဖြစ်တယ်၊ လေတိုက် သလို လမ်းဖြတ်ကူးထားတဲ့ ပင့်ကူအိမ်တစ်ခုနဲ့ တူတယ်၊ ဒါတွေ ဟာ စာအုပ်တွေ ထဲမှာ ပဲ ရှိပြီး ဘယ်သူမှ လက်တွေ့ မမြင်ဖူးကြဘူး၊ အဲဒီ လို လိပ်ပတ်လည်အောင် ရှင်းပြတယ်။ ကျွန်တော် တို့အားလုံး သဘောကျတဲ့ သာဓက တစ်ခုရှိပါတယ်။ မွာစီလူမျိုးစု အကြီးအကဲနဲ့ ကာစန်ဂူ အားပြိုင်ပွဲပါ။

ဆယ့်ကိုးရာစု အစောပိုင်းကစပြီး ဒီနေ့အထိ အာဖရိက အလယ်ပိုင်း မြေပြန့်လွင်ပြင်ကို စိုးမိုးအုပ်ချုပ်ခဲ့တဲ့လူမျိုးစုဟာ ချိုဝါလူမျိုးစု ဖြစ်ပါတယ်။ ကျွန်တော် တို့တစ်တွေ ဟာ ကွန်ဂိုတောင်ပေါ်ဒေသကနေပြီး ရာစုနှစ် ပေါင်းများ စွာ က ဒီအရပ် ကို ထွက်ပြေးလာကြသူတွေ ဖြစ်ပါတယ်။ ရောဂါကူးစက်ပ်ဘေးကြောင့် မြေပြန့်ကို ဆင်းလာကြပြီး ရေကြည်ရာ မြက်နုရာ၊ မြေသြဇာကောင်းရာဒေသမှာ အတည် တကျ နေထိုင်ခဲ့ကြသူတွေ ဖြစ်ပါတယ်။ နှစ် တွေ ရာပေါင်းများ စွာ ကြာတောင့် ကြာရှည် ရှိခဲ့ပါပြီ။

အဲဒီ အချိန်တုန်းက ကျွန်တော် တို့ရွာရဲ့ အနောက်မြောက်ဘက်မှာ ရောမ ကြွံမည် းကြီးတစ်ကောင် သော င်းကျန်းခဲ့ဖူးပါသတဲ့။ အကောင်ကြီးက သုံးတန် လော်ရီကားထက် ကြီးပြီး သူ့ချိုကြီးက ကျွန်တော့် အဖေ လက်မောင်းလောက် ကြီးတယ်ဆိုပဲ။ ချိုထိပ်ဖျားက ဓားမြှောင်လို ချွန်မြနေတာပဲ တဲ့။ အဲဒီ ခေတ်တုန်းက ရွာသားတွေ ရော၊ တိရစ္ဆာန်တွေ ပါ သောက်ရေ သုံးရေအတွက် ရေကန်တစ်ခု တည်းကို အားထားခဲ့ကြရတယ်။ ကြွံကြီးက ရေထဲမှာ စိမ်နေရင်း လူတွေ ကို စောင့်နေတတ်တယ်။ ရေကန်ကို အများ ဆုံးသွားရတဲ့ လူတွေ ကတော့ ကျွန်တော့် အမေလို၊ အစ်မလို ရေခပ်ဆင်းတဲ့အမျိုးသမီးတွေ ပေါ့။ ရေခပ်ဖို့ ရေအိုးကို ရေထဲ နှစ် လိုက်တာနဲ့ အကောင်ကြီးက ဝုန်းခနဲ ထပြီး တိုက်ခိုက်တော့တာပဲ။ အမျိုးသမီး တွေ ကို ဦးချိုနဲ့ကလော်၊ ခွာနဲ့နင်းချေပြီး တစ်စမကျန် ဖျက်ဆီးပစ်တယ်။ တစ်လ နှစ် လအတွင်း ဒီကောင်ကြီးသတ်တာ လူတစ်ရာကျော် ရှိသွားတယ်တဲ့။

အဲဒီ အထဲမှာ ချိုဝါလူမျိုးစု အကြီးအကဲရဲ့ သမီးကလေး ပါသွားတယ်။ အဲဒီ မှာ ချိုဝါခေါင်းဆောင်ဟာ ဒေါသအမျက် ချောင်းချောင်းထွက်ပြီး သူ့ရွာသား တွေ ၊ စစ်သည်တွေ နဲ့

တိုင်ပင်တယ်။

'ဒီကိစ္စဟာ တကယ့်အန္တရာယ်ပဲ။ ဘယ်လို ဖြေရှင်းကြမလဲ'

အမျိုးမျိုး တင်ပြကြတယ်။ ဒါပေမဲ့ အကြီးအကဲက တစ်ခုမှ သဘော မတူဘူး။ အဲဒီ မှာ တင် သူ့လက်ထောက် တစ်ယောက် က ထပြီး

'လီလွန်းဌေမှာ ကျွန်တော့် အသိ တစ်ယောက် ရှိတယ်။ သူဟာ အကြီး အကဲ တစ်ယောက် မဟုတ်ပါဘူး။ ဒါပေမဲ့ သူ့မှာ သေနတ်ရှိတယ်။ မှော် ပညာ လည်း တတ်တယ်။ သူက တစ်နည်းနည်း နဲ့ ဒီကောင်ကြီးကို ကောင်းကောင်း နှိမ်နင်းနိုင်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်'

အဲဒီ လူရဲ့ နာမည် က မွာစီချိဖော်ဇရ။ သူတို့ ပြည်နယ်မှာ နာမည် အကြီးဆုံးမှော ဆရာပါ။ သူ့နာမည် ရဲ့ အဓိပ္ပာယ်က 'မြက်ပင်မှဆိုး' တဲ့။ ဘာလို့လဲ ဆိုတော့ သူဟာ ကွင်းထဲမှာ မြက်ပင်ယောင်၊ ကျူပင်ယောင်ဆောင်ပြီး ကိုယ် ယောင်ဖျောက်ထားနိုင်တယ်။ အကြီးအကဲရဲ့ လူတွေ ဟာ ကီလိုမီတာ တစ်ရာဝေး တဲ့ လီလွန်းဌေကို အရောက်သွားပြီး မွာစီကို အကူအညီ တောင်းတော့ သူက လက်ခံတယ်၊ ကာစန်ဂူက ညီအစ်ကိုတော် တွေ ကို သူ ကူညီပါ့မယ်တဲ့။

တစ်နေ့မနက် နေမထွက်ခင် ရေကန်ကို မွာစီရောက်သွားတယ်။ ကမ်း နဖူးက မြက်တောထဲမှာ ရပ်ပြီး သူ့ကိုယ်ကို ရေမန်းတွေ ဖျန်းတယ်။ သူ့ သေနတ်ကိုလည်း ဖျန်းတယ်။ ပြီးတာနဲ့ သူ ပျောက်ကွယ်သွားတယ်။ ကြွံကြီးဟာ ဝုန်းဒိုင်းကျဲ ပြေးလာပြီး ရေထဲဆင်းတယ်။ မွာစီက သတ္တဝါကြီးရဲ့ ဦးခေါင်းထဲကို ကျည်ဆန်တစ်တောင့် ပစ်သွင်းလိုက်တော့ ကြွံကြီးဟာ ကျွမ်းပြန်ပြီး ချက်ချင်း သေ သွားတယ်။

အဲဒီ အတွက် ရွာသားတွေ သုံးရက်တိတိ အောင်ပွဲခံတယ်။ လူသတ် ကောင်ကြီးကို အောင်နိုင်တဲ့အတွက် သည်အောင်ပွဲကို အနယ်နယ် အရပ်ရပ်က လာပြီး ပါဝင်ကြတယ်။ ပျော်ပွဲရွှင်ပွဲ အထွတ်အထိပ် ရောက်နေချိန်မှာ အကြီး အကဲက မွာစီကို တောင်ထိပ်ခေါ်သွားပြီး သူ အုပ်ချုပ်တဲ့ နယ်မြေကို ပြတယ်။ အဲဒီ တောင်တန်းကို

'မာလဝါညဉ်ဂျီ' လို့ ခေါ်တယ်။ အဓိပ္ပာယ်က 'စားလို့ရတဲ့ ယင်ကောင်များ ရဲ့ ကျောက်ဆောင်' လို့ အဓိပ္ပာယ် ရတယ်။

အဲဒီ ကျောက်ဆောင်ပေါ်မှာ ရပ်ပြီး အကြီးအကဲက အောက်ဘက်

လွင်ပြင် တစ်နေရာကို လက်ညှိုး ညွှန်ပြတယ်။ မြက်ခင်းစိမ်းစိမ်းတွေ တပြန့် တပြောနဲ့ ရောမ လွင်ပြင်ကျယ်ကြီး။

'ငါတို့တွေ ကို ဒုက္ခပေးနေတဲ့ သတ္တဝါကြီးရဲ့ ရန်ကို နှိမ်နင်းပေးတဲ့အတွက် မင်းကို ငါ ဆုချမယ်။ တောင်တန်းရဲ့ အဲဒီ ဘက်ခြမ်းတစ်လျှောက် မင်းကို ပိုင်စားပေးမယ်။ မင်းလူတွေ ကို ပြန်ခေါ်ချေ၊ အဲဒီ မြေကို မင်း အုပ် ချုပ်ပေတော့'

မွာစီက လီလွန်းငွေကို ပြန်လာပြီး မိသားစုတွေ အမျိုးတွေ ကို ခေါ်လာ ခဲ့တယ်။ သိပ်မကြာခင်အတွင် း မွာစီဟာ အင်အားတောင့်တင်းပြီး ချမ်းသာကြွယ်ဝ တဲ့ နယ်ပယ်ကြီးတစ်ခု တည်ထောင်နိုင်ခဲ့တယ်။ ပြောင်းနဲ့ အခြားအသီးအနှံမျိုးစုံ အလျှံပယ်ထွက်တဲ့ နယ်ကြီးတစ်ခု ဖြစ်လာခဲ့တယ်။ သူ့လူမျိုးတွေ ဟာ သန်မာ ထွားကျ င်းကြတယ်။ သူ့စစ်သားတွေ ဟာ အားကောင်းမောင်းသန်တွေ ချည်းမို့ အခြား လူမျိုးစုတွေ ကြောက်ရွံ့ကြရတယ်။

အဲဒီ အချိန်လောက်မှာ ပဲ တောင်အာဖရိကဘက်က ဇူလူးဘုရင်ရဲ့ နယ် နိမိတ်ထဲမှာ ပြဿ နာတွေ ရှုပ်လာတယ်။ ဇူလူးဘုရင်ရဲ့ ဆာခါစစ်တပ်ကြီးဟာ သွေးချောင်းစီးတိုက်ပွဲတွေ ဆင်ပြီး အခြားလူမျိုးစုတွေ ကို တိုက်တယ်။ အဲဒီ မှာ လူတွေ အထိတ်တလန့် ဖြစ်ပြီး သန်းနဲ့ချီ ထွက်ပြေးခဲ့ကြ တယ်။ အဲဒီ လူမျိုးစုထဲမှာ 'ငိုနီ' တွေ ပါတယ်။

ငိုနီတွေ ဟာ လနဲ့ချီပြီး ထွက်ပြေးခဲ့ကြရတယ်။ ချီဝါနယ်ထဲရောက်မှ သူတို့ရပ်ပြီး အခြေချကြတယ်။ ချီဝါတစ်နယ်လုံးက မြေဩဇာ ကောင်းတယ်၊ မြေကြီးမှာ အမြဲတမ်း အစိုဓာတ်ရှိနေတယ်။ ဒါပေမဲ့ သူတို့တတွေ ဟာ တစ်နေရာ တည်းမှာ အတည်တကျနေတတ်တဲ့လူမျိုးတွေ မဟုတ်လို့ မကြာခဏ အငတ်ဘေး နဲ့ကြုံရတယ်။ အဲဒီ အခါ မွာစီအကြီးအကဲဆီမှာ အကူအညီတောင်းတယ်။ မွာစီကလည်း သူတို့ကို

စောင့်ရှောက်တယ်။ ဆိတ်တွေ ၊ ပြောင်းဆန်တွေ ထောက်ပံ့တယ်။

အဲဒီ လို ပေးကမ်းစွန့်ကြဲတဲ့ နေ့တစ်နေ့မှာ ငိုနီ အကြီးအကဲက သူ့လူတွေ ကို မေးတယ်။

'ဒီလို စားကောင်းသောက်ဖွယ်တွေ အမြဲတမ်းရနေအောင် တို့ ဘယ်လို လုပ်ကြမလဲ'

'ချိုဝါတွေ ကို ရှင်းပစ်ပေါ့' လို့ တစ်ယောက် က အကြံပေးတယ်။

ဒီလိုနဲ့ ငိုနီလူမျိုးစုကို အကြီးအကဲ'နဝမ်ဘီ'က ခေါင်းဆောင်ပြီး 'စား လို့ ရတဲ့ ယင်ကောင်များ ရဲ့ ကျောက်ဆောင်'ကို သိမ်းပိုက်ဖို့ စီမံတယ်။ ဒါပေမဲ့ အကြီးအကဲမွာစီက မှော် အတတ်မှာ တစ်ဖက်ကမ်းခတ်တယ်ဆိုတာ သူတို့မသိ ဘူး။

တစ်နေ့ မနက်ခင်းပိုင်းမှာ ငိုနီတွေ က တိရစ္ဆာန်အရေတွေ ခြုံပြီး ဒိုင်း တွေ လှံတွေ ကိုယ်စီနဲ့ တောင်ပေါ်ကို ချီတက်လာကြတယ်။ ဒါပေမဲ့ မွာစီရဲ့ စစ်သားတွေ က သူတို့ကို အဝေးကြီးက လှမ်းမြင်နေရတယ်။ တောင်ပေါ်လည်း သူတို့ တက်လာရော ချိုဝါစစ်သားတွေ ရော မွာစီလူတွေ ပါ အားလုံး မြက်ပင်တွေ ဖြစ်သွားကြတယ်။ အနားရောက်လာမှ ကျူး ကျော်လာသူတွေ ကို ဓားတွေ လှံတွေ နဲ့ တစ်ယောက် မကျန် သတ်ပစ်လိုက်ကြတယ်။ အဲဒီ ကစပြီး 'စားလို့ရတဲ့ ယင် ကောင်များ ရဲ့ ကျောက်ဆောင်'ကို 'နူဂုယာနဝမ်ဘီ'လို့ နာမည် ပြောင်းလိုက်တယ်။ အဓိပ္ပာယ်က 'နဝမ်ဘီ သေချင်းဆိုးနဲ့ သေတဲ့နေရာ' ပေါ့။ သည်တောင်တန်းဟာ ဒီနေ့ ကျွန်တော် တို့ ရွာနားက ကာစန်ဂူမြို့ ကို အရိပ်ထိုးနေတဲ့ တောင်တန်းပေါ့။

ဒီဇာတ်လမ်းဟာ ရာစုနှစ် ပေါင်းများ စွာ တည်မြဲနေခဲ့တယ်။ ကျွန်တော့် အဖေ ကလည်း သူ့ဘိုးဘွားတွေ ဆီက ကြားဖူးခဲ့တာပေါ့။ ကျွန်တော့် အဖေရဲ့ အဖေ၊ ကျွန်တော် အဘိုးဟာ အသက်ကြီးပြီ။ သူ ဘယ်နေ့မွေးတယ်ဆိုတာ မမှတ်မိ တော့ဘူး။ သူ့အသားအရေဟာ ခြောက်ကပ်ရှုံ့တွနေပြီ။ သူ့ခြေထောက်တွေ ဟာ ကျောက်တုံးတစ်တုံးကို ဆောက်နဲ့ ထွင်းထားသလိုပဲ။ သူ့ကိုယ်ပေါ်က ကုတ်အင်္ကျီနဲ့

ဘောင်းဘီဟာ သူ့ထက်အသက်ကြီးတယ်။ ဒီတော့ အဖာ တစ်ရာနဲ့ ဖြစ်နေပြီပေ့ါ။ အဲဒီ အဝတ်အစား တစ်စုံဟာ သူ့ကိုယ်ပေါ်မှာ သစ်ပင်ကြီးတစ်ပင်ရဲ့ အခေါက်တွေ လိုပဲ။ အဘိုးက ပြောင်းဖူးဖက်ထဲ ဆေးရွက်ကြီးတွေ ထည့်ပြီး ရောမ ဆေးလိပ်ကြီး ဖြစ်အောင် လုပ်တတ်တယ်။ ပြောင်းဖူးဖက်လိပ်ကြီး ဖွာပြီး ပြောင်းဖူး အရက်သောက်တယ်။ သိပ်ပြင်းတဲ့အရက်ပေ့ါ။ ကိုယ်ခံအားနည်းတဲ့လူတွေ သောက်ရင် မျက်စိကန်းသတဲ့။

အဘိုးက ကျွန်တော် တို့ဆီကို တစ်လ တစ်ခေါက်၊ တစ်ခါတလေ နှစ် ခေါက် ရောက်လာတတ်တယ်။ ဒီဦးထုပ်နဲ့၊ ဒီကုတ်အင်္ကျီကြီးနဲ့ပါပဲ။ ပါးစပ်ထဲ ကိုက်ထားတဲ့ ဆေးပေ့ါလိပ်ကြီးက မီးခိုးတလူလူနဲ့။ သူသစ်တောထဲက ထွက်လာ ရင် သစ်ပင်ကြီးတစ်ပင် ခြေထောက်ပေါက်ပြီး လမ်းလျှောက်လာသလိုပဲ။

အဘိုးက သူ့ငယ်ဘဝအကြောင်းတွေ ပြန်ပြောပြတတ်ပါတယ်။ အချိန် ကာလ အမျိုးမျိုး၊ နေရာဒေသအမျိုးမျိုးနဲ့ နောက်ခံဇာတ်လမ်းတွေ ကို ကျွန်တော် တို့ နားထောင်ရတတ်ပါတယ်။ သစ်တောတွေ ကို အစိုးရက မခုတ်ခင်ပေ့ါ။ အစိုးရ ပြောင်းခင်းတွေ ၊ ဆေးခင်းတွေ မပေါ်ခင်ကပေ့ါ။ အဲဒီ တုန်းက သစ်တောတွေ ဘယ်လောက်နက်သလဲဆိုရင် လူတွေ တောထဲ ရောက်သွားတဲ့အခါ အရှေ့

အနောက် တောင်မြောက် ပျောက်ကွယ်သွားပြီး မျက်စိလည်တတ်ကြတယ်တဲ့။ ဒီတော့ နေပြောက်မထိုးအောင် မည်း မှော င်နေတော့တာပေ့ါ။ တောဟာ တိရစ္ဆာန် တို့ရဲ့ ပိုင်စားမြေပဲ။ သမင် ဒရယ် ချေငယ် စိုင် ဆတ်တွေ ၊ ကျားသစ်တွေ ကလည်း ပေါမှပေါ။ သူတို့ ကတော့ သိပ်ကြောက်စရာကောင်းတဲ့ တောရိုင်းတိရစ္ဆာန်တွေ ပေ့ါ။

အဘိုးငယ်ငယ်ကလေးမှာ သူ့အဘွား ခြသေ့်ကိုက်ခံရပါတယ်။ တော စပ်က ယာတောထဲမှာ အလုပ်လုပ်နေတုန်း ခြသေ့် ဝင်ဆွဲတာပါ။ မျောက်တွေ ကို ခြောက်ရင်း လှန့်ရင်း ပျိုးနုတ်နေတုန်း ခြသေ့်မက ခုန်အုပ်ပြီး ဆွဲသွားတာ။ အဘွားအော်သံကြားတော့ ရွာသားတွေ စည်တွေ ၊ သံပုံးတွေ တီးတယ်။ ဒါပေမဲ့ ချက်ချင်း လှုပ်ရှားတာ မဟုတ်ဘူး။ လူစုရသေးတယ်။ ပြီးတော့ စည်းနဲ့ဝါးနဲ့ တီးကြတာ။ ကကြိုခန်ကြိုရဦးမှာ ကိုး။ ပထမ နရီစည်းမျိုး၊ နောက်မှ စည်းသွက်နဲ့ မုံချက် မြန်လာတယ်။ ဒီတော့မှ အရေး ပေါ် တီးကွက်

ဝင်လာတယ်။ ဒါကို 'မဆဒါသွေ' တီးကွက်လို့ ခေါ်တယ်။ 'ဘာမှမမေးနဲ့ မြန်မြန်ထွက်ကြ' ဆိုတဲ့ အဓိပ္ပာယ်။ ၉၁၁ ဆိုတဲ့ နံပါတ်ကို ဖုန်းဆက်တာနဲ့ အတူတူပဲ။ ဒါပေမဲ့ ရဲတွေ ရောက်မလာဘူး။ ရွာသားတွေ ထွက်လာကြတယ်။

အဲဒီ တော့မှ ကလေးတွေ ပါ မကျန် မြားတွေ ၊ လှံတွေ ၊ ဓားတွေ နဲ့ ရောက်လာကြတယ်။ ဒါပေမဲ့ သိပ်နောက်ကျသွားပြီ။ ခြင်္သေ့ကို သူတို့ လှမ်းမြင် လိုက်ကြတယ်။ နွားမတစ်ကောင်လောက် ရှိတယ်တဲ့။ ခြင်္သေ့က အဘွားကို ဆူးခြုံတွေ ထဲ ဆွဲယူသွားပြီး အပေါ်ပစ်တင်လိုက်တော့ အဘွားရဲ့ ခန္ဓာကိုယ်ဟာ ကြွက်ကလေးတစ်ကောင်လို မြောက်တက်သွားတယ်။ အကောင်ကြီးက နောက် က လိုက်လာတဲ့ လူတွေ ကို ထီမထင်တဲ့ ပုံစံနဲ့ သွားဖြဲပြီး ထိတ်လန့်တုန်လှုပ် ချင်စရာ အသံကြီးနဲ့ ဟိန်းဟောက်သွားသေးတယ်။ ပြီးမှ သားကောင်ကို ပြန် ကောက်ချီပြီး တောထဲဝင်သွားတယ်။ အဘွားရဲ့ အလောင်း မပြောနဲ့ အရိုး အရေတောင် ရှာလို့ မတွေ ့ရတော့ဘူး။

အဘိုးက ပြောတယ်၊ လူသား စားဖူးတဲ့ ခြင်္သေ့ဟာ လူသားကလွဲပြီး ဘာမှ မစားချင်တော့ဘူး၊ တစ်ရွာလုံး ကုန်လိမ့်မယ်တဲ့။ နောက်တစ်နေ့မှာ အဲဒီ တုန်းက တိုင်းပြည်ကို အုပ်ချုပ်နေတဲ့ ဗြိတိသျှအစိုးရကို အဘိုး သွား အကြောင်းကြားတယ်။ အစိုးရက စစ်သားတွေ လွှတ်လိုက်ပြီး ခြင်္သေ့ကို ပစ်ခိုင်း တယ်။ ရတော့ ရွာလယ်ကောင် ကွက်လပ်မှာ အများ မြင်နိုင်အောင် ပြထား တယ်တဲ့။

အဲဒီ နောက် မကြာခင်မှာ အဘိုး တစ်ယောက် တည်း အမဲပစ်ထွက် တယ်။ တောလည်တယ်ပေါ့။ အဲဒီ မှာ မြွေမဟောက် အပေါက်ခံလိုက်ရတဲ့ လူ တစ်ယောက် နဲ့ သွားတွေ ့တယ်။မြွေမက သစ်ပင်ပေါ်မှာ ပုန်းနေတာ၊ လူက ဖြတ်လျှောက်သွားတော့ ခေါင်းတည့်တည့်ကို ပေါက်ချလိုက်တာတဲ့။ သူ့ တစ်ကိုယ်လုံး ချက်ချင်း ပြာသွားတယ်။ ပြီးတော့ ချက်ချင်း သေသွားတယ်။ အဘိုးက အနီးဆုံးရွာက လူတွေ ကို သွားအကြောင်းကြားရတာ ပေါ့။ ရွာသား တွေ က နတ်ဆရာကိုပင့်ပြီး လိုက်လာကြတယ်။ နတ်ဆရာက အလောင်းရဲ့ ရင်ဘတ်ပေါ်ကို ခြေတစ်ဖက် တင်လိုက်တယ်။ ပြီးတော့ တောထဲကို သူ့ဆေး တွေ နဲ့ လှမ်းပက်တယ်။ ခဏနေတော့ စိုစွတ်စွတ် မြေကြီးပေါ်မှာ

မြွေမဟောက်တွေ ရာချီပြီး ထွက်လာကြတယ်။ ပြီးတော့ အလောင်းနားမှာ လာစုပြီး နတ်ဆရာရဲ့ မန္တန်ကြောင့် စိတ်ညှို့ ခံထားရသလိုမြွေမတွေ ငြိမ်နေကြတယ်။ အဲဒီ မှာ နတ်ဆရာ က အလောင်းနဲ့ ရင်ဘတ်ပေါ်ကို ထိုင်ချပြီး မန်းမှု တ် စီရင်ထားတဲ့ ထမင်းရည် တွေကို မှောသောက်ချလိုက်တယ်။ ထမင်းရည်တွေ သူ့ခြေထောက်ပေါ်အထိ စီးကျကုန်ပြီး အလောင်းရဲ့ ရင်ဘတ်ပေါ် ဖိတ်ကျကုန်တယ်။ အဲဒီ မှာ သေသူရဲ့ လက်ချောင်းကလေးတွေ လှုပ်လာတယ်။ ပြီးတော့ လက်တစ်ခုလုံး လှုပ်ရှားလာ တယ်။

'ကျွန်တော် ထ ထိုင်ပါရစေ'

သူ အသက်ဝင်လာပြီး ပထမဆုံးပြောတဲ့ စကား။ သူ ထ ထိုင်တော့ အနားမှာ ဝိုင်းဝိုင်းလည်နေတဲ့မြွေမဟောက်တွေ ကို တွေ့ရတယ်။

အဲဒီ မှာ သူတို့နှစ် ယောက် မြွေမစွယ်တွေ ကို စစ်ကြတယ်။ ကိုက်တဲ့ အကောင်ကို ရှာကြတယ်။ ထုံးစံအရ နတ်ဆရာက ကိုက်တဲ့မြွေမရဲ့ ခေါင်းကို ချက်ချင်း ဖြတ်တယ်။ မြွေမကိုတွေ့တော့ အလောင်းကောင်ဘဝက အသက် ပြန်ဝင်လာတဲ့လူက မြွေမဟောက်ကို သနားလို့ သူ့အသက်ကို ချမ်းသာပေးဖို့ နတ်ဆရာကို တောင်းပန်တယ်။ ဒါနဲ့ နတ်ဆရာက မြွေဟောက်ကို မသတ်ဘဲ လွှတ်ပေးလိုက် တယ်။ အဲဒီ အတွက် နတ်ဆရာကို အင်္ဂလိပ်ငွေ သုံးပေါင် ကန်တော့ကြရတယ်။ အဲဒါဟာ အဘိုးရဲ့ မျက်မြင်ကိုယ်တွေ့တဲ့။

အဖေငယ်ငယ်က ကျွန်တော့် အဘိုးနဲ့အတူ အမဲပစ်ထွက်ဖူးတယ်။ အဲဒီ တုန်းကလည်း တောလည်ရတာ အန္တရာယ်များ တာပဲ။ တောထဲမဝင်ခင် သက်ဆိုင်ရာ တောပိုင် တောင်ပိုင်တွေ ကို ပူဇော်ပသရတယ်။ အဖွဲ့နဲ့ တောလည် ရင် တစ်ယောက် ကို ခေါင်းဆောင်တင်ရတယ်။ အဲဒီ ခေါင်းဆောင်က ဘယ်အချိန် မှာ ဘယ်အရပ်ကို ထွက်ရမယ်ဆိုတာ ဆုံးဖြတ်ရတယ်။ တောကောင်ရလို့ ဝေစုခွဲကြရင် ခေါင်းဆောင်ကို နောက်ပိုင်းတစ်ပိုင်း ပေးရတယ်။ အမြဲတမ်းလိုလို ခေါင်းဆောင်လုပ်ရသူ ကတော့ ကျွန်တော် အဘိုးပဲ။

တောမလည်ခင် တစ်ရက်မှာ ခေါင်းဆောင်လုပ်မယ့်လူဟာ မိန်းမ

နဲ့အတူ မအိပ်ရဘူး၊ တစ်ခန်းထဲမှာ တောင် အတူမနေရဘူး၊ အဲဒီ ညမှာ သူ ကောင်းကောင်း အနားယူရတယ်။ ဒါမှ သူ့စိတ်တွေ ကြည်လင်နေပြီး ခန္ဓာကိုယ် ဖျတ်လတ်နေရမှာ ကြောင့် ပဲ။ ခေါင်းဆောင်က ပြောင်းဖူးအနီတွေ ကို ဆေးမြစ်တွေ နဲ့ ရောပြု တ်ပြီး တောလည်မယ့်မနက်မှာ ကျန်တဲ့ မုဆိုးတွေ ကို ဝေပေးရတယ်။ ဒါကလည်း မှော အတတ်တစ်မျိုးပဲ။ ဒီလိုလုပ်မှ အန္တရာယ် ကင်းတယ်လို့ အားလုံး ယုံကြည်ကြတယ်။

မုဆိုးတွေ က သူတို့တောလည်ရာက ပြန်မရောက်မချင်း သူတို့ မိန်းမ တွေ ကို အိမ်ထဲမှာ တင်နေပြီး အပြင်မထွက်ဖို့ မှာ ခဲ့ကြတယ်။ မိန်းမတွေ အိမ်မှာ အိပ်နေရင် တောကောင်တွေ လည်း အိပ်နေတတ်တယ်လို့ သူတို့ အယူရှိတယ်။ အဲဒီ အခါ သားကောင်ကို လွယ်လွယ်ကူကူ ဖမ်းလို့ရတယ်ပေါ့။

*